# ကျော်အောင်



# နှလုံးလှဆရာဝန်

# အပိုင်း(၁)

# ဘဝနိဂုံးဇာတိ

လူသွားလမ်းကျဉ်းကလေးများ ပေါလှသည့် နဂါးလိမ်တောင်ကုန်းဒေသ ဖြစ်သည် ။ ထိုအရပ်တွင် ရန်သူများ ခြေမချရဲ။ ဦးမလှည့်ရဲ။ စခန်းချဖို့ ကား ဝေလာဝေး။ ထိုတောင်ကုန်းဒေသသို့ ရောက်လျှင် ဝန်တင်းမြင်းများ သည် ခေါင်းမော့ လည်မော့ မတက်တော့ဘဲ ခေါင်းငိုက်စိုက်ချကာ တစ်လှမ်းချင်း တက်ကြသည် ။ ရှေ့က မသွားတော့ဘဲ နောက်ကသာ လိုက်ကြသည် ။ သူတို့ က သူ့ကို ထိုတောင်ကုန်းဒေသမှ သယ်ယူခဲ့လေသည် ။

သူ့ကို လူနာတင်သည့် ထမ်းစင်တွင် တင်၍ သယ်ခဲ့သည် ။ ခရီးအစတွင် သူက အထမ်းသမားကို ဖယ်ရှားကာ စိတ်ဆိုးမာန်ဆိုးဖြင့် သူ့မြင်းညို မကလေးပေါ်သို့ တက်၍ စီးသည် ။ ကုန်းနှီးတွင် ထိုင်၍ လိုက်ပါခဲ့ငြားလည်း သူ၏ ဘယ်လက်သည် မလှုပ်ရှားတော့ဘဲ တန်းလန်းကျနေသည် ။ သို့ရာတွင် "မိုးနမ်းတောင်" ကျော်စကပင် သူ သတိလစ်နေပြီ။ သတိပြန်လည်၍ ထမ်းစင်ပေါ်သို့ ပြန်ရောက်နေကြောင်းသိလျှင် ဘာမျှ မပြောတော့။ သို့နှင့် ထမ်းစင်တွင် ဘယ်ညာယိမ်းထိုးလိုက်ပါလာသည် ။

သူတို့ တစ်သိုက်သည် အနောက်ဟိုပေနယ် လူသူမရောက်သည့် ဒေသတွင် တစ်နေ့နှင့် တစ်ညလုံးလုံး တစ်တောင်ကျော် တစ်တောင်တက် ခရီးနှင်ခဲ့ကြသည် ။ လူများ ၊ မြင်းများ ၊ မြည်းများ မြွေကြီးလင်းမြွေ တသီတတန်းကြီး ခရီးဆက်ခဲ့ကြသည် ။ အချိန်မှာ ချမ်းအေးသည့် နိုဝင်ဘာလဖြစ်သည် ။ နေ့အခါတွင် နေမင်းသည် တိမ်တိုက်များ အကြားမှ ပြူရုံသာ ပြူ၍ ထွက်သည် ။ နေမင်းသည် မျက်ရည်စလွှမ်းနေသော အထီးတည်းမျက်လုံးနှင့် တူလှသည် ။ ညအခါဆိုလျှင် သူတို့ ခြေရာချ တောင်ကုန်းထက်တွင် ကြယ်ကလေးများ သည် လက်တစ်ကမ်း သာသာတွင် တွဲလွဲခိုနေကြသည် ဟု ထင်ရသည် ။ တစ်ခါတစ်ရံ ထိုကြယ်ကလေးများက ထွေးနွေးသည့် အနွေးဓာတ်ကိုပေးလျက် ရှေ့သို့ချီရာလမ်းကို ညွှန်ပြနေသလားဟူ၍ ပင် အောက်မေ့ရသည် ။ နေ့အခါတွင် ဖြစ်စေ၊ ညအခါတွင် ဖြစ်စေ သူတို့ သည် မိုးနှင့် ထိလုနီးပါး လက်တစ်ကမ်း အရပ်တွင် ရောက်နေသည် ဟု ထင်ရသည် ။ သူတို့ နောက်တွင် ကား အမြောက်သံများ သည် အဝေးတွင် မြည်ဟည်းသည့် မိုးချုန်းသံကဲ့သို့ ခပ်သဲ့သဲ့ မြည်ဟည်း ကျန်ရစ်ခဲ့သည် ။ ထိုအမြောက်သံကို နားထောင်ရင်း သူတို့ သည် ဖုန်လုံးကြီးများကို ထွင်းဖောက်ကာ ရှေ့သို့ချီကြရသည် ။ နှင်းမြူတို့ အကြားတွင် လည်း ဖြတ်သန်းကြရသည် ။ နှင်းမြူတို့ ကို ဖြတ်သန်းသည့် အခါ ငွေခဲတိမ်စင်ကြီးများကို ဖြတ်ရသည် နှင့် တူသည် ။ ဟင်းလင်းပြင်ကြီးကို ဖြတ်ရသကဲ့သို့လည်း ဟာတာတာခံစားရသည် ။ တစ်ခါတစ်ရံ မတ်စောက်သည့် တောင်ကမ်းပါးယံကြီးများ အကြားရှိ တောင်ကြားလမ်းများကို ဖြတ်ရသည့် အခါ ခြေတစ်လှမ်း လှမ်းတိုင်း အသက်ပင် မရှူရဲအောင် ဖြစ်လာသည် ။ ရင်ထဲ၊ ဝမ်းထဲတွင် လည်း

တဒိန်းဒိန်း ခုန်ကြရသည် ။ သို့နှင့် သူတို့ သည် တိမ်ညွှန့်စား မြင်းအလား မိုးနမ်းတောင်ကြီးများကို ခွာဖြင့်ပေါက်ကာ ကျော်ခဲ့သည် ။ တစ်နေရာတွင် ကိုယ်ထည်တောင့်တောင့် တန်ယူချိန်သည် မြင်းညိုမလေးပေါ်မှ လက်ကိုမြှောက်၍ ရပ်ရန် အချက်ပေးလိုက်သည် ။ သူ့မြင်းသည် ရှေ့ဆုံးက ဖြစ်သည် ။ သူတို့ အားလုံး ရပ်တန့်ကာ သူတို့ အောက်ဘက်တွင် ရှိသော မြေပြင်ကျယ်ကြီးကို ကြည့်လိုက်သည် ။ ထိုအခါ သူတို့ အထဲမှ ဖောင်က -

"ရှေ့ မှာ မြင်ရတာ ကျောက်ဝါရွာ ဖြစ်မှာ ပဲဟေ့" ဟု ဆိုသည် ။ နောက် သူတို့ သည် တောင်ပေါ်မှ ဆင်းလာခဲ့ကြလေသည် ။

မိုးနမ်းတောင်ကြီးပေါ်မှ တံတောင်ဆစ်ချိုး အကြိမ်ကြိမ်ကွေ့ကာ ကောက်ကာ ဆင်းခဲ့ကြသည် မှာ တစ်နာရီခန့် ကြာသည် ။ ထိုအခါတွင် မှ ကျောက်ဝါရွာကို သဲသဲကွဲကွဲ မြင်ရတော့သည် ။ ရွာဆီသို့ လယ်ကွင်းထဲမှ လူများ ပြေးလွှားသွားကြသည် ကိုလည်း ခပ်ဝါးဝါး မြင်ရသည် ။ မြေပြန့်သို့ရောက်လျှင် မြောက်ဘက် တောင်ကြားလမ်းအဝ၌ ရွာသားတစ်အုပ် စုဝေးစောင့်ကြိုနေ သည် ကို တွေ့ရသည် ။ သို့နှင့် တဖြည်းဖြည်း ရွာဆီသို့ ချဉ်းကပ်လာသည် ။ တစ်လမ်းလုံး အော်ဟစ်သံများ ၊ ဩဘာသံများ ဆူညံနေသည် ။ ရွာသားများ ၏ ပါးစပ်ဖျားတွင် " ပိုင်ချူအင်" " ပိုင်ချူအင်" ဟူသော အသံသည် ဝဲပျံနေသည် ။

ရွာအဝင်ဝတွင် လည်း ရွာသားတို့ သည် ထိုနာမည်ကို အော်ဟစ်ကြသည် ။ သူတို့ မျက်နှာများ သည် ပြုံးရွှင်နေသည် ။ သူတို့ လက်များ သည် လေထဲတွင် ဝှေ့ယမ်းနေသည် ။ သို့ရာတွင် မြင်းညိုမလေးနှင့် သူ့နောက်မှ ရဲဘော်များ ရွာထိပ်သို့ ရောက်လာသည့်

အခါတွင် ကား ကြိုဆိုသံများ ရပ်သွားလေသည် ။ စိုးရိမ်သည့် မျက်နှာများ ဖြင့် သူတို့ သည် ဖောင်ကို စူးစိုက် ကြည့်နေကြသည် ။ ဖောင်သည် မြင်းထက်တွင် ခေါင်းငိုက်စိုက်ကျရင်း လိုက်ပါလာသည် ကို သူတို့ သတိမူမိကြသည် ။ ဖောင်၏ မျက်လုံးအစုံတွင် နာကျင်ဆို့နစ်သည့် အရိပ် ထင်နေသည် ကို သူတို့ သတိမမူမိကြသည် ။ ဖောင်၏ မြင်း သူတို့ အပါးသို့ ရောက်လာသည့် အခါ လူအုပ်ကြီးသည် နေရာဖယ်ပေးလိုက်သည် ။ ပြီးလျှင် ဖောင်ကို ကြည့်ကာ တီးတိုး ညည်းညူကြသည် ။

"ပိုင်ချူအင် ဘယ်မှာ လဲ၊ ဘာလို့ ဒီရဲဘော်တစ်သိုက်ဟာ ရွာထဲကို ငြိမ်ငြိမ်သက်သက် ဝင်လာကြတာလဲ။ အထမ်းသမားတွေရဲ့ မျက်လုံးတွေကရော ဘာလို့ အောက်စိုက် ကြည့်လာကြတာလဲ"

သူတို့ နောက်တွင် ရွာတံခါးမှ ထမ်းစင်တစ်ခု ဖြည်းညင်းသက်သာ ဝင်လာသည် ကို တွေ့ရသည် ။ ထိုအခါ သူတို့ သည် ကြောင့်ကြပူပန်စိတ်ဖြင့် လည်းကောင်း၊ မယုံကြည်နိုင်သည့် စိတ်ဖြင့်လည်းကောင်း လက်ခံကြိုဆိုကြလေသည် ။

တန်သည် မြင်းဇက်ကို သတ်လိုက်သည် ။ အထမ်းသမားများ သည် ဒူးကွေးကာ ထမ်းစင်ကို မြေပေါ်သို့ အသာအယာချသည် ။ သူတို့ ၏ ခေါင်းများ သည် ငိုက်စိုက်ကျနေသည် ။ သူတို့ သယ်ဆောင်ခဲ့သည့် ဝန်သည် အင်မတန် ကြီးလေးသည့် ဝန်ဖြစ်ကြောင်းကို သူ့ကိုလည်း ရိပ်မိကြသည် ။

ရွာသားများ သည် ထမ်းစင်အပါးသို့ တရွေ့ရွေ့ တိုးလာကြသည် ။ ဟုတ်ပါသည် ။ ပိုင်ချူအင်ပါပဲ။ နိုင်ငံခြားသား ကျက်သရေဆောင် မျက်နှာဖြူပါပဲ။ လွန်ခဲ့သည့် နှစ်ပတ်ခန့်ကပင် သူသည်

ကျောက်ဝါရှာကို လေပွေကဲ့သို့ ဇွဲ့ကာ ဖြတ်သွားခဲ့သည် ။ ဆွတ်ဆွတ်ဖြူနေသော သူ၏ ဦးခေါင်းသည် မြင်းထက်တွင် မော့မော့ထောင်ထောင်ပင် ရှိခဲ့သည် ။ သူတို့ ရွာကိုဖြတ်ကာ နဂါးလိမ်တောင်တန်းကြီးဆီသို့ တက်သွားခဲ့သည် ။ လွန်ခဲ့သည့် နှစ်ပတ်က ရှေ့တန်း စစ်မြေပြင်သို့ တက်သွားသူသည် ယခု သူတို့ မျက်မှောက်သို့ ခေါင်းကျိုး၊ လည်ကျိုး၊ မျက်တောင်မခတ်၊ မျက်စိမဖွင့်ဘဲ ရောက်နေပြီ။ ယခုမူ သူ့မုတ်ဆိတ်ကျင်စွယ်သည် မိုးသို့ ထောင်တက်နေပေပြီ။ သူတို့ သည် ပိုင်ချူအင် အဖြစ်ကို ကြည့်ကာ စကားတစ်ခွန်းမှ မဟနိုင်ဘဲ မိန်းမောတွေဝေ နေကြသည် ။ ဟုတ်ပါတယ်၊ ပိုင်ချူအင်ပါပဲ။ ယုံ ယုံနိုင်စရာ မရှိဘူး။ ဘယ်လို အဖြစ်မျိုး ကြုံခဲ့ရတာလဲ။ ကြည့်စမ်းပါဦး။ တို့ ရှေ့မှာ လူသေအတိုင်းပဲ။

လွတ်လပ်ပြီး နယ်မြေတစ်ဝန်းလုံးတွင် ပိုင်ချူအင်သည် အံ့ဖွယ်သရဲ အလုပ်လုပ်ပြခဲ့သည် ။ ရှန်ဆီနယ်တွင် သူ၏ ကြိုးပမ်းချက်ကြောင့် ကျေးရွာပေါင်း များ စွာ အသိဉာဏ် ပွင့်လာခဲ့ရသည် ။ အလယ်ပိုင်းဒေသတစ်လျှောက် ဟိုပေနယ်၊ ရှင်စီနယ်တစ်ဝန်းလုံး သူ့ခြေရာ မချခဲ့ဖူးသည့် နေရာဟူ၍ မရှိခဲ့။ ရန်သူသိမ်းပိုက်ထားသည့် နယ်မြေများမှာ ပင် သူသည် ကျူးကျော်သူများကို လှည့် စားကာ ဝင်၍ မွှေခဲ့ဖူးသည် ။ သူ့နာမည်ကိုကြားလျှင် ရန်သူသည် ဖိမ့်ဖိမ့်တုန်အောင် ကြောက်လန့်ကုန်သည် ။ သူ့နာမည်သည် ရန်သူ၏ နှလုံးသည်းပွတ်ကို ထိုးဖောက်သည့် လှံစွပ်ကဲ့သို့ ထက်မြက်လှသည် ။ ယခု သူ့အဖြစ်ကား နားရှိ၍ သာ ကြားရသည့် အဖြစ်၊ မျက်စိရှိ၍ သာ မြင်ရသည့် အဖြစ်နှင့် တူနေပြီ။

သူတို့ သည် တန်၏ မျက်နှာကို လှမ်းကြည့်ကြပြန်သည် ။ တန်၏ မျက်နှာတွင် စိုးရိမ်စရာ မရှိပါဘူး ဟူသော အဖြေကို ရှာ၍ ကြည့်သည် ။

ထိုနောက် ပိုင်ချူအင်ဘက်သို့ ပြန်၍ လှည့်ကြည့်ကြသည် ။ ပိုင်ချူအင်သည် အံ့ ဖွယ်သရဲ အစွမ်းအစပြခဲ့ဖူးသည် ။ ယခုလည်း သူ့အတွက် အစွမ်းအစတစ်ခုခုတော့ ကျန်ရှိနေလိမ့်ဦးမည်ဟု သူတို့ ယုံကြည်သည် ။ မကြာမီပင် ပိုင်ချူအင် သည် ငေါက်ခနဲ ခေါင်းထောင် ထလာလိမ့်မည်ဟု သူတို့ ယုံကြသည် ။ ထိုအခါ ပိုင်ချူအင်သည် မီးရှူးတိုင်ကဲ့သို့ မားမားထိုးနေလိမ့်မည်။ သူ၏ ဆံပင်ဖြူတို့ သည် မီးရှူးတိုင်ထိပ်တွင် လွင့်ပါးနေလိမ့်မည်။ သူသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ သူတို့ အား ယခင်ကလို နှစ်သိမ့်မှု ပေးလိမ့်မည်။ သူ၏ စိမ်းလဲ့သော မျက်လုံးအစုံသည် လည်း နဂိုနေအတိုင်းပင် စိမ်းလဲ့တောက်ပ နေလိမ့်မည်ဟု ယုံကြည်ကြလေသည် ။ သို့ရာတွင် သူတို့ ကြည့်နေဆဲမှာပင် ပိုင်ချူအင်သည် နာကျင်သဖြင့် တွန့်လိမ်ရုန်းကန်ရင်း ကိုယ်ကို လွှမ်းခြုံထားသည့် စောင်ကို ဆုတ်ဖြဲခွာချ လိုက်သည် ။ ထိုအခါ စောင်အောက်တွင် ဖုံးကွယ်နေသည့် သူ့အနာကို မြင်ကြ ရသည် ။ ပခုံးအထိ အိုင်းရောင်နေသော အနာရှိန်ကို မြင်ကြရသည် ။

သူတို့ သည် ကိုယ်ရှိန်သတ်ကာ နောက်သို့ ဆုတ်သွားကြသည် ။ စုတ်သပ် မြည်တမ်း အော်ဟစ်ကြသည် ။ ကလေးငယ်များ သည် လူကြီးများ ၏ ခြေထောက်များကို ယောင်ယမ်းကာ လှမ်း၍ ဖက်ကြသည် ။ အထမ်းသမား များ သည် လည်း ပါးစပ်အဟောင်းသား ဖြစ်သွားကြကုန်သည် ။

ပိုင်ချူအင်သည် အိပ်မောကျနေရာမှ နိုးလာသူကဲ့သို့ မျက်လုံးအစုံကို ဖွင့်ကာ ဟိုသည် ကြည့်သည် ။ အိပ်ရာထက်တွင် တံတောင်ဖြင့် ထောက်၍ အားယူကာ ခေါင်းထောင်ပြီးနောက် တစ်စုံတစ်ယောက်ကို ရှာသည် ။ တန်ကို တွေ့သည့် အခါ သူတို့ နားမလည်သော စကားဖြင့်

တစ်စုံတစ်ရာပြောပြီးလျှင် အိပ် ရာထက်သို့ ပင်ပန်းကြီးစွာ တစ်ဖန်ပြန်၍ လဲလျောင်းသည် ။

တန်သည် မြင်းပေါ်မှ ဆင်းကာ ရွာသားများ ဆီသို့ လာသည် ။ "ကျွန်တော်တို့ ဒီရွာမှာ စခန်းချမယ်။ ရှေ့တန်းစစ်မျက်နှာက မရပ်မနားလာခဲ့တာ တစ်နေ့နဲ့ တစ်ညရှိပြီ။ သူ ဆက်ပြီး မသွားနိုင်တော့ဘူး။ အနာသက်သာဖို့ အနားယူရလိမ့်မယ်"

ရွာလူကြီးတစ်ယောက် ရှေ့သို့ ထွက် လာပြီးလျှင် ထမ်းစင်ရှေ့တွင် ဟိုပေနယ်သားတို့ အမူအရာဖြင့် အလေးပြုသည် ။ ပြီးမှ ... " အစကတော့ တောင်ကုန်းပေါ်က ဆင်းလာတာ ရန်သူပဲလို့ ထင်တယ်။ ဒါကြောင့် ကျွန်တော်တို့ စိုးရိမ်မိကြတယ်။ ဒါပေမဲ့ နောက်တော့ မြင်းညိုမလေးနဲ့ အထမ်းသမားတွေကို ကျွန်တော်တို့ မှတ်မိလာတယ်။ ဒီတော့မှ ဝမ်းသာလာကြရတယ်။ အခုတစ်ခါ ကျွန်တော်တို့ စိတ်မကောင်း ဖြစ်ကြရပြန်ပြီ။ ဒီလိုအဖြစ်မျိုးနဲ့ တွေ့ရမယ့်အစား၊ ပိုင်ချူအင် ဒီလို အနာတရ ဖြစ်လာမယ့်အစား ရန်သူပဲ ဖြစ်လိုက်ရင် ကောင်းပါသေးတယ်။ ရန်သူရဲ့ မြေလှန်ခံလိုက်ရတာ ကောင်းပါသေးတယ်။ ကျွန်တော်တို့ အိုးအိမ်တွေ ပြာကျသွားတာ ကောင်းပါသေးတယ်။ ကျွန်တော်တို့ တစ်တွေ တောင်ပေါ်ထွက်ပြေးသွားကြရတာ ကောင်းပါသေး တယ်" ဟု ဆိုလေသည် ။

ပိုင်ချူအင်သည် သူ့ဘက်သို့ လှည့်ရင်း ဇဝေဇဝါဖြစ်ကာ ကြောင်၍ ကြည့်နေသည် ။ ထိုနောက် သူ့လက်တစ်ဖက်ကို ဆန့်တန်းပေးလိုက်သည် ။ ကျွန်တော်တို့ နေရာကောင်းကောင်း ရှာကြရမယ်။ ဒါမှ သူ့ကို ရွှေ့လို့ ဖြစ် မယ်" တန်က ဆိုသည် ။

ထိုအခါ ရွာလူကြီး အဘိုးအိုက " မြေပိုင်ရှင်ယုရဲ့ အိမ်ရှိပါတယ်ဗျာ။ ရွာမှာ ဖြင့် သူ့အိမ်ဟာ အကောင်းဆုံးပေါ"ဟု ညွှန်ပြလေသည် ။

သူတို့ သည် ထမ်းစင်သွားရာ ယု၏ အိမ်ဆီသို့ နောက်မှ လိုက်ကြသည် ။ အိမ်ရှေ့ရောက်လျှင် ဝိုင်းထဲသို့ မဝင်ဘဲ အပြင်မှ စောင့်နေကြသည် ။ ကလေးများကား လူကြီးများ ၏ မျက်နှာရိပ်ကိုသာ အကဲခတ်နေကြသည် ။ သူတို့ အကဲခတ်နေသည့် လူကြီးများ ၏ မျက်နှာများ သည် ညိုမည်း ပုပ်သိုးနေကြသည် ။ ထိုမျက်နှာများ သည် ဟိုပေလွှင်ပြင်တစ်ခုလုံး၊ ထို့ပြင် ဟိုပေတောင် တစ်ခုလုံး၊ ထို့နောက် တရုတ်တစ်ပြည်လုံးကို ခြိမ်းခြောက်နေသည့် ဘေးဆိုးရန်ဆိုးကြောင့် ညှိုးနွမ်းရသည့် မျက်နှာများ ဖြစ်သည် ။ သူတို့ ရွာကလေးကို ရန်သူက ခြိမ်းခြောက်သည့် ဘေးရန်ထက် ပို၍ များ အန္တရာယ်ကြီးလေးသလား ဟု သူတို့ အံ့ဩမိကြလေသည် ။

ညနေပိုင်းတွင် ဒုတိယအကြိမ် အထိတ်တလန့် ဖြစ်ကြရသေးသည် ။ ယင်းမှာ စစ်ဌာနချုပ်မှ ဆက်သားတစ်ယောက် ရောက်လာသည့် အချိန် ဖြစ်လေသည် ။ ရှေ့တန်းစစ်မျက်နှာမှ နေ၍ ဌာနချုပ်သို့ ပိုင်ချူအင်အကြောင်း ကြိုးမဲ့ကြေးနန်း ပို့လိုက်သည် ။ ချက်ချင်းပင် ဌာနချုပ်ရှိ မိုလ်ချုပ်နိုင်းက ညွှန်ကြားချက် ပေးလိုက်သဖြင့် ရောက်လာရသည့် ဆက်သားဖြစ်သည် ။ ပိုင်ချူအင်၏ သတင်းဌာနချုပ်တွင် တုန်လှုပ်သွားသည် ။ ထိုသတင်းကို ယင်အန်ရှိ မော်စီတုန်းထံသို့ ချက်ချင်း ပို့လိုက်သည် ။ ထိုအခါ ယင်အန်မှ ဗိုလ်ချုပ်နိုင်းထံသို့ ညွှန်ကြားချက်တစ်ခု ပေးသည် ။ ယင်းမှာ ပိုင်ချူအင်၏ နောက်ဆုံးအခြေအနေကို ထူးခြားမှုရှိတိုင်း ချူတေးနှင့် မော်စီတုန်းထံ အမြဲ သတင်းပို့ရမည်။ ထို့ပြင် ပိုင်ချူအင်ကို ဌာနချုပ်သို့ ဖြစ်သည့် နည်းဖြင့် ခေါ်ဆောင်ရမည် ဟူ၍ ပင် ဖြစ်လေသည် ။

ဆက်သားသည် တောင်တန်းအသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ရသဖြင့် ပင်ပန်းနေပြီ။ ဆာလည်း ဆာနေပြီ။ ထို့ကြောင့် သူ့ကို ကျွေးမွေးပြု စုကြသည် ။ သို့ရာတွင် ဆက်သားက ထိုအကျွေးအမွေး အပြုအစုကို ငြင်းပယ်လိုက်သည် ။ "ပိုင်ချူအင် နေမကောင်းနေတယ်။ ဂူတိုင်ရှန်နှင့် ယင်အန်မှာ သူ့ သတင်းကို နားစွင့်နေကြတယ်။ ဒီအထဲ တစ်ခုခု ဖြစ်သွားရင် ကျွန်တော်ရဲ့ ကောင်တွေက ဘယ်လိုပြောမလဲ။ ဒီအထဲ ခင်ဗျားတို့ က ကျွေးမွေးပြုစုနေ သေးသလား။ ကျွန်တော် သူ့ကို ခုချက်ချင်း တွေ့ရမှ ဖြစ်မယ်"

ဗိုလ်ချုပ်နိုင်း၏ ကိုယ်စားလှယ် ဆက်သားရဲဘော်ကို ဖောင်က အိမ်ထဲသို့ ခေါ်သွားသည် ။ ပိုင်ချူအင်အတွက် စိုးရိမ်ပူပန်မှုသည် ဤအိမ်အတွင်းရှိ အိမ်ရာဝန်းကျင်တွင် သာ မဟုတ်၊ မိုးနမ်းတောင် တစ်ဝိုက်တွင် သာ မဟုတ်၊ ထိုပူပန်မှုသည် ချင်ချာချီ ဒေသအားလုံးတွင် စိုးမိုးနေသည် ။ ဤအဖြစ်၊ ဤ သဘောကို ပိုင်ချူအင် သိစေချင်သည် ။ ထို့ကြောင့် ပင် ဖောင်သည် ဆက်သား ရဲဘော်ကို အိမ်တွင်းသို့ ခေါ်သွားလေသည် ။

အပြင်ဘက်တွင် ကား ရွာသားများ သည် ဆက်သားလာခြင်း၏ အကြောင်းရင်းကို သိလိုကြသည် ။ သို့ရာတွင် အိမ်ထဲသို့ နှစ်ယောက်သား ဝင်သွားကြသည် မှာ ကြာလှပြီဖြစ်သဖြင့် စောင့်မနေတော့ဘဲ ထွက်သွားကြပြန် သည် ။ ယောကျ်ားများ သည် ရွာပြင်ဘက် လယ်ကွင်းများ ဆီသို့ ပြန်သွားကြသည် ။ လယ်ကွင်းထဲတွင် ဖြောင့်ဖြောင့် မနေနိုင်။ ရွာထဲသို့ ဝင်လာကြပြန်သည် ။ မိန်းမများကမူ ခြစ်ခြစ်ကုတ်ကုတ် စုဆောင်းထားသည့် အစာအာဟာရ ကောင်းနိုးရာရာတို့ ကို ယူလာကြပြီးလျှင် မြေပိုင်ရှင်ယု၏ အိမ်ပေါက်ဝ၌ ထားခဲ့ကြသည် ။ ရွာ၏

တစ်ခုတည်းသော လမ်းတွင် ကစားနေကြသည့် ကလေးများ သည် အကစားရပ်နေကြသည် ။ ဆယ့်ခြောက်နှစ် မပြည့်သေးဘဲ တပ်နီတော်သို့ ဝင်သဖြင့် လူဆိုးကလေးဟု ကင်ပွန်းတပ်ခံရသည့် ရှောင်သည် ပိုင်ချူအင်ရှိသည့် အခန်းတံခါးဝတွင် မခွာဘဲကပ်နေသည် ။ နှင်ထုတ်သူများအား "နက်ဖြန် ခရီးဆက်နိုင်ပါ့မလား၊ သူနေကောင်းရဲ့ လား။ သူစားဖို့ တစ်ခုခု ယူခဲ့ရမလား။ ဘာများ စားချင်သလဲလို့ သူ့ကို ကျွန်တော်ကိုယ်တိုင် မေးကြည့်ချင် တယ်ဗျာ..." ဟု သာ ပြောနေသည် ။

ထို့နေ့တစ်ညလုံး ဖောင်သည် ပိုင်ချူအင်၏ အခန်းထဲတွင် ရှိနေသည် ။ မနက်လင်းလျှင် သူသည် မျက်နှာမသာမယာဖြင့် ရွာပြင်သို့ ထွက်သွားသည် ။ တန်က လိုက်ရှာသည့် အခါ သူ့ကို ရွာတံခါးပြင်ဘက်နားရှိ ကျောက်တုံးတစ်တုံးတွင် ထိုင်ကာ အဝေးသို့ ငေးကြည့်နေသည် ကို တွေ့ရသည် ။ သူ့နံဘေးတွင် တန်ဝင်၍ ထိုင်ပြီးနောက် တုတ်တစ်ချောင်းဖြင့် မြေကြီးတွင် အဓိပ္ပာယ်မရှိ ခြစ်နေသည် ။ နေသည် အရှေ့ဘက်တောင်တန်းကို မကျော်လာသေး။ သို့နှင့် အိပ်မောကျနေသည့် ရွာကလေးသည် ပြန်လည် အသက်ဝင် လာလေသည် ။

" ဘယ့်နှယ်နေသလဲ" တန်က ခေါင်းငုံ့ရင်း မေးသည် ။

ဖောင်သည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားသည် ။ "ကျွန်တော် ဆရာသမားကို ပြုစုရဖို့ အခွင့်ကြုံလာလို့ အစတုန်းကတော့ ဝမ်းသာမိတယ်။ အခုတော့ အလကား ဖြစ်ပါပြီဗျာ။ သူ့အခြေအနေ သိပ်ဆိုးတယ်။ ကျွန်တော်လည်း ဘာမှ မလုပ်တတ်ဘူး..." ထိုနောက် ဖောင်သည် ခေါင်းထောင်ပြီးလျှင် ဗိုလ်ချုပ်နိုင်းနဲ့ မော်စီတုန်းကို

ကျွန်တော်တို့ ဘယ်လိုပြောရမလဲ" ဟု ဆိုလေသည် ။

ထိုအခါ တန်က "ကျွန်တော့်ကို သူက " သူ့ကိုယ်ခွဲ" လို့ ခေါ်တယ်။ ခုတော့ ကျွန်တော်ပါ လူသေဖြစ်နေပြီ။ လာဗျာ ... သူ့ဆီသွားကြမယ်။ သူ့ကို အသေမခံနိုင်ဘူး" ဟု ပြန်၍ ပြောသည် ။

အိမ်ဝိုင်းထဲတွင် ခုံတန်းလျားတစ်ခု တွေ့သဖြင့်တန်သည် ထိုခုံကို ပိုင်ချူအင်၏ အခန်းပြတင်းပေါက်နားသို့ ရွှေ့ယူသည် ။ ထိုနောက် ထိုခုံတန်းလျားတွင် တစ်နေကုန်ထိုင်ကာ လူနာ၏ အခြေအနေကို စောင့်ကြည့်နေလေသည် ။

ညသို့ တိုင်ခဲ့ပြီ။ ယု၏ အိမ်ဝိုင်းထဲသို့ အရိပ်တစ်ခု ထိုးဝင်လာသည် ။ "ပိုင်ချူအင် ရောက်နေတာ ဒီအိမ်လား ခင်ဗျား..." ဟု တီးတိုးသံ တစ်ခု ကြားရသည် ။

"ဟုတ်ပါတယ်..." ပြောက်ကျားတပ်သားဝတ်စုံ ဝတ်ထားသည့် လူငယ်တစ်ယောက်ကို တန် တွေ့ရသည် ။

"ကျွန်တော်တို့ ဟာ ပြည်သူ့စစ် အဖွဲ့တစ်ဖွဲ့ကပါပဲ။ ကျွန်တော်တို့ မိုးနမ်းတောင်ထိပ်ဆီ သွားကြမလို့ လမ်းကြုံရင်း ဝင်လာတာပါ။ ရွာထဲရောက်တော့ စိတ်မကောင်းစရာ သတင်းဆိုး ကြားရပါတယ်။ အဲ ဒီ အ ခါ မှာ ကျွန်တော်တို့ တပ်ဖွဲ့ဟာ ပိုင်ချူအင်အတွက် ကိုယ်ကျိုးစွန့်ဖို့ တစ်ခု ဆုံးဖြတ်လိုက်ကြပါတယ်။ စစ်မျက်နှာရောက်ရင် နမူနာပြတဲ့ အနေနဲ့ ဘာတာဝန်ကိုပဲ ပေးပေး ယူကြပါမယ်။ လိုအပ်ခဲ့ရင် သေသည် အထိတိုက်ရင်း ကိုယ်ကျိုးစွန့်ပါမယ်။ အဲဒီလို ကျွန်တော်တို့ ဓိဋ္ဌာန်ကြပါတယ်။ အဲဒီအကြောင်း ပိုင်ချူအင်ကို ပြောပြပါခင်ဗျာ"

" ဟုတ်ကဲ့၊ သူ့ကို ပြောပြပါမယ်" တန် ကတိထားလိုက်သည် ။

စစ်သားရဲဘော်သည် အလေးပြုကာ အမှောင်ထုတွင်းသို့ ပျောက်ကွယ်သွားလေသည် ။ ထိုနောက် ဖောင် ရောက်လာသည် ။ " သူ ခေါ်သေးသလား" ဟု တန်ဘေးတွင် ထိုင်ရင်း မေးသည် ။

"မခေါ်ဘူး၊ ငြိမ်ငြိမ်ပဲ အိပ်နေတယ်။ တစ်ခါတော့ အိပ်ရာကထပြီး စားပွဲမှာ ထိုင်ပြီး စာရေးနေတယ်"

"သူအိပ်ရာက ထနိုင်သေးတယ်၊ ပြီးတော့ စားပွဲမှာ ထိုင်ပြီး စာရေးနိုင်သေးတယ် ဟုတ်လား၊ အံ့ဩစရာပဲ။ သူ ဘာတွေများ ရေးပါလိမ့်။ သူ့စိတ်ထဲ ဘာတွေများ ရှိနေသလဲ။ ကျွန်တော် သိချင်လိုက်တာဗျာ"

"သူ မကျေမနပ် ဖြစ်ခဲ့တာတွေ အမှတ်ရသမျှ ရေးမှာ ပေါ့ဗျာ။ ကြည့်စမ်းပါဗျာ။ ကောင်းကင်ကြီးမှာ ဒီည ကြယ်တွေ သိပ်လက်တာပဲ။ အဲဒီလို ကြယ်လက်တဲ့ ညမျိုးကို သူ သိပ်သဘောကျတာဗျ။ မိုးပေါ်မှာ ကြယ်တွေများ သလို သူ့မှာ လည်း အတိတ်ကာလမှာ ဖြစ်ရပ်တွေ အများကြီးဗျ။ မမေ့နိုင်စရာတွေ အများကြီးဗျ။ ကျွန်တော့်ကို ပြောပြဖူးတယ်။ တောင်ပေါ်မှာ တုန်းက အဲဒီလိုပဲ ကြယ်တွေများ တဲ့ ည မိုးပြင်ဟာ အပြောက်အမွမ်း ခြယ်ထားတဲ့ ဘုရားကျောင်း မျက်နှာကြက်နဲ့ တူတဲ့ အခါ သူက ကျွန်တော့်ကို ပြောဖူးတယ်။ "ငါ့ ကိုယ်ခွဲ ကောင်ကလေးရေ... ဟောဒီ ဟိုပေညတွေဟာဖြင့် ငါ ငယ်ငယ်တုန်းက တို့ ဆီမှာ ကြုံခဲ့ရတဲ့ ညမျိုးတွေလိုပဲကွဲ့" တဲ့ ။ အင်း ကျွန်တော့်ကိုဆိုရင် သူ့ကိုယ်ခွဲလို့ ခေါ်တာပဲ။ အခုလည်း လေ စောစောကပဲ စစ်သားလေးတစ်ယောက် လာသွားသေးတယ်။ စစ်မျက်နှာထွက်လာကြတဲ့ ပြည်သူ့စစ်အဖွဲ့ တစ်ခုကဗျ။ သူတို့ အဖွဲ့ဟာ စစ်မျက်နှာ မှာ ပိုင်ချူအင်အတွက် ကိုယ်ကျိုးစွန့်ဖို့ သန္နိဋ္ဌာန်

ချသွားကြလေရဲ့ ။ အင်း ... သူတို့ လည်း ပိုင်ချူအင်ရဲ့ ကိုယ်ခွဲတွေပဲ မဟုတ်လား"

"ကျွန်တော်ရယ်၊ ခင်ဗျားရယ်၊ သူတို့ ရယ်။ ကဲဒါတွေ အသာထား။ အထဲဝင်ကြရအောင်ဗျာ။ သူ့ချည်း ပစ်ထားလို့ မဖြစ်သေးဘူး"

ထိုအခါ တန်သည် မရှက်နိုင်ဘဲ တအီအီ ငိုလေသည် ။ "ခဏနေရင် ကျွန်တော် ဝင်ခဲ့ပါမယ်ဗျာ။ ကျွန်တော် လူပျော့ပဲ။ ကျွန်တော် မျက်ရည်ကျတာ ခွင့်လွှတ်ပါဗျာ။ ခဏနေရင် ဒီမျက်ရည်တွေ ခြောက်သွားမှာ ပါ။ သူများ တွေ အဖြစ်ထက် သူ့အဖြစ်က ဆိုးတယ်ဗျ။ သူ့အဖြစ်ကို ကျွန်တော်မကြည့်ရက်ဘူး။ အခု သူသေမယ်ဆိုရင် ဒီတစ်ခါသေတာ သူ့အဖို့ ဒုတိယအကြိမ် သေခြင်းပဲဗျ။ အခုမှ သူ့အသက် ၄၉ နှစ် ရှိသေးတယ်။ ကျွန်တော်ပြောတာ ခင်ဗျား နားလည်ရဲ့ လား။ လူတိုင်း တစ်နေ့တော့ သေရမှာ ချည်းပေါ့ဗျာ။ လူဆိုတာ သေမျိုးတွေပဲ။ ကျွန်တော်တို့ ခင်ဗျားတို့ ချစ်တဲ့ ခင်တဲ့ သူတွေလည်း သေခဲ့ဖူးကြလှပြီ။ ဒါပေမဲ့ ကျွန်တော်တို့ ခင်ဗျားတို့ ဆိုတာက တစ်ဘဝပဲ ရှိတာဗျ။ တစ်ဘဝ ရှိတော့ တစ်ခါပဲ သေရတာပေါ့။ သူ့မှာ က ဘဝပေါင်းများ စွာ ရှိခဲ့တာဗျ။ ပြီးတော့ ဒါဟာ သူ့အဖို့ ဒုတိယအကြိမ် သေခြင်းပဲ။ နားလည်ရဲ့ လား ကျွန်တော်ပြောတာ။ အခု သူ ဒုတိယအကြိမ်သေတဲ့ အ ခါ မှာ ငိုကြွေးဖို့ တရုတ်ပြည်ကြီး တစ်ပြည်လုံးမှာ ရှိတဲ့ မျက်ရည်တွေနဲ့ မလောက်ဘူးဗျ"

ဖောင်သည် ထိုင်နေရာမှ လေးကန်စွာ ထလိုက်သည် ။ "တရုတ်ပြည်ကြီး တစ်ပြည်လုံးမှာ သာ မဟုတ်ဘူး ၊ ရဲဘော်တန်ရေ ဟောဒီ ကမ္ဘာကြီးတစ်ခုလုံးမှာ ရှိတဲ့ မျက်ရည်တွေနဲ့ တောင် ငိုကြွေးလို့ မလောက်နိုင်ဘူးဗျ"

***

# ပထမအကြိမ် သေခြင်း

သူ့အသက်သည် သုံးဆယ့်ခြောက်နှစ် ရှိနေပြီ။ ဆေးပညာဆရာဝန်၏ အလိုအရဆိုလျှင် သူ သေတော့မည်။

အိပ်ရာထက်တွင် လဲလျောင်းရင်း ရောဂါစ၍ ရခဲ့ပုံကို ပြန်လည်စဉ်းစားသည် ။ တစ်ဖန် ယခု ဘယ်ပုံ အဆုံးသတ်မည်ကို ဆင်ခြင်သည် ။

ယခုမူ သမိုင်းစာအုပ်တွင် သူ့အကြောင်း အောက်ခြေမှတ်ချက်ပင် ပါတော့မည် မဟုတ်ဟု သူထင်သည် ။ ၁၉၃၆ ခုနှစ်၏ သမိုင်းမှတ်တိုင်များ အဖြစ် နယ်သစ်များ သိမ်းပိုက်ခြင်း၊ စစ်ပွဲအတွက် စစ်သားစုဆောင်းခြင်း၊ ပုန်ကန်မှုများ တော်လှန်ရေးများ ဖြစ်ပွားခြင်း၊ အစုအလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း တို့ ကိုသာ ကျန်ရစ်ခဲ့သည် ။ ယင်းအကြောင်းခြင်း တတို့ ကိုလည်း သူ မသိ။ တစ်ဖန် ဒုတိယအကြိမ် သေငယ်ဇောတွင် မြောရမည့် သူ့အဖြစ်ကိုလည်း သူမမှန်းဆနိုင်။ ထို့ပြင် နောင်တစ်နေ့တွင် ကမ္ဘာ့လူဦးရေ လေးပုံတစ်ပုံက သူ့နာမည်ကို အမြတ်တနိုး ပိုင်ချူအင်ဟု မှ ည့်ခေါ်ကာ သီကျူးကြလိမ့်မည် ဟူ၍လည်း သူ မမှန်းဆနိုင်ခဲ့။ တစ်ဖန် သူ့အသိတွင် တစ်ခါမျှ မပေါ်ဖူးသည့် တောင်ကုန်းထူထပ်ရာ ဒေသတစ်နေရာတွင် "တန်" ဟု ခေါ်သည့် ပုဂ္ဂိုလ်တစ် ယောက်က သူ၏ ပထမအကြိမ် သေခြင်းကို ပြန်လည်ပြောပြနေလိမ့်မည် ဆိုသည့် အဖြစ်ကိုလည်း သူ မမျှော်မှန်းနိုင်ခဲ့။

"သေမင်းနဲ့ ရင်ဆိုင်ရတဲ့ အခါ လူတစ်ယောက် ဘယ်လိုခံစားရတယ် ဆိုတာ သိဖို့ မလွယ်လှဘူး။ ပြီးတော့ သေမင်းနဲ့ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရတဲ့ အခွင့်အရေး ရဖို့ လည်း မလွယ်လှဘူး။ အခက်ဆုံးကတော့ သေမင်းနဲ့ ရင်ဆိုင်ပြီးမှ ပြန်လည် အသက်ရှင်ရတဲ့ အဖြစ်ပဲ" သူ့အဖို့ ဤကဲ့သို့သော မှတ်တမ်းမျိုး ရေးနိုင်ခွင့်ရခဲ့လေသည် ။ သို့သော် ယခု အခိုက်အတန့်တွင် သူ သိသည် မှာ သူသေတော့မည်ဆိုသည့် အဆုံးအဖြတ်ပင် ဖြစ်သည် ။ သူ အသက်ရှင်ခဲ့ရသည့် ကာလသည် အချည်းနှီးဖြစ်ခဲ့၏။ ဤအဖြစ်ကို မည်သို့ မည်ပုံ ရခဲ့သနည်း။

ဘဝနှင့် နပန်းလုံးခဲ့ရသည့် ဒက်ထရွိုက်မြို့၏ ညများကား သူ့အဖို့ အဆိုးရွားဆုံး ဖြစ်လေသည် ။ သူ့အာရုံတွင် မျက်နှာပေါင်း များ စွာကို ပြန်လည် ဆန်းသစ်၍ ရလေသည် ။ ယင်းတို့ နှင့် အတူ ဒုက္ခသုခ အမျိုးစုံကိုလည်း ပြန်လည် ထင်မြင်မိသည် ။ သူ၏ ဇာတိကို ပြန်၍ အမှတ်ရသည် ။ စစ်ကိုလည်း အမှတ်ရသည် ။ ဗိုဟီးမီးယားသို့ ပြေးခဲ့သည် ကိုလည်း အမှတ်ရသည် ။ လူသတ်ပွဲများ ၊ အနိဋ္ဌာရုံများကိုလည်း ပြန်လည် ထင်မြင်မိသည် ။ လူ့ဘဝဆိုသည့် ဤ ဒုက္ခဘောင်ကြီးထဲတွင် သူ ဘယ်သို့ဘယ်ပုံ လမ်းစပျောက်ခဲ့ရသနည်း။ ဘာ့ကြောင့် လမ်းစ ပျောက်ခဲ့ရသနည်း။

***